# ကလောမြို့သည် တမူထူးခြားသည်

မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့

# Kalaw is unique

Myanmar Tourism Board

ကလောမြို့ခေတ်မီဖို့အတွက် အေးငြိမ်းတဲ့သဘာဝအလှတရားတွေကို
မပျက်စီးစေဘဲ ဆောင်ရွက်ရန်လိုပါတယ်။

ဒေါ်ခင်စန္ဒာခိုင် – The Nest BnB

**We should not modernize Kalaw by activities that will spoil the beauty and tranquillity of the town**

Khin Sandar Khaing - The Nest BnB

ဈေးကစားရင်းနှီးမြှုပ်နှံသူများကို ဟန့်တားဖို့
တန်ဖိုးနားလည်သော ရင်းနှီးမြှုပ်နှံသူများတိုးပွားဖို့အတွက်
အဓိက စိန်ခေါ်မှု ဖြစ်နေသည်

Ole Realander – Kalaw Heritage Hotel

**The challenge is to find ways to discourage the speculative investors and attract the value-added investors**

Ole Realander – Kalaw Heritage Hotel

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ လည်ပတ်စရာနေရာတစ်ခုအဖြစ်
ကျော်ကြားနေခြင်းသည် မြို့၏ထူးခြားသောအမွေအနှစ်များကို
အကျိုးသက်ရောက်စေသည် ဦးခင်မောင်ချင်း – Hill Top Villa

**The popularity of Kalaw as a tourism destination is affecting the town's unique character**

Khin Maung Chin – Hill Top Villa

We hope for Kalaw to become the

**#1 resort destination**

in Myanmar and become a model of

**sustainable city development**

in the country

ကလောမြို့ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော

**မြို့ပြစည်ပင်ဖွံ့ဖြိုးတိုးတက်သည့်**

**အကောင်းဆုံးအများပြည်သူအပန်းဖြေရာနေရာ**

ဖြစ်လာစေရန် ရည်ရွယ်သည်။





# ကလောမြို့

## ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ

ကလောမြို့ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော

**မြို့ပြစည်ပင်ဖွံ့ဖြိုးတိုးတက်သည့်**
**အကောင်းဆုံးအများပြည်သူအပန်းဖြေရာနေရာ**

ဖြစ်လာစေရန် ရည်ရွယ်သည်။

### ထိန်းသိမ်းခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှုများ

**ထိန်းသိမ်းခြင်း**

မြို့၏ ထူးခြားသော ဝိသေသလက္ခဏာများကို ထိန်းသိမ်းခြင်းအားဖြင့် မပျက်စီးသေးသော အမွေအနှစ်ခရီးသွားနေရာတစ်ခု ဖြစ်လာစေရန်

**ဖွံ့ဖြိုးတိုးတက်မှုများ**

ထပ်မံဖွံ့ဖြိုးတိုးတက်လာမည့်အရာများအတွက် မြို့၏ အသွင်အပြင်များကို မထိခိုက်စေဘဲ ဒေသခံများ၏ ဘဝများကို အထောက်အကူဖြစ်စေပြီး ရိုးရာယဉ်ကျေးမှု၊ သဘာဝနှင့်ကိုက်ညီသော ခရီးသွားလုပ်ငန်းတစ်ခု ဖြစ်လာစေရန်

ထိန်းသိမ်းခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှုများ
အတွက်
စည်းမျဉ်းစည်းကမ်း (၃) ခု

၁

မြို့ပတ်ဝန်းကျင်ရှိ ထင်ရှားအရေးပါသော
**အမွေအနှစ်အဆောက်အအုံများ**ကို မူလအတိုင်းထိန်းသိမ်းထားရန်

၂

**သမိုင်းဝင်လမ်းမများနှင့် ရှုခင်းအငွေ့အသက်များ** မူလပကတိအတိုင်း
ထိန်းသိမ်းနေစဉ်အတွင်း တိုးတက်ဖွံ့ဖြိုးမှုအသစ်များကို လက်ခံဖော်ဆောင်ရန်

၃

စိမ်းလန်းသော **ပတ်ဝန်းကျင်** နှင့် သန့်ရှင်း၍ နေချင်စဖွယ်ဖြစ်မှု
ထိန်းသိမ်းဆောင်ရွက်ရန်



# အမှာစကား

မြို့တစ်မြို့၏ တန်ဖိုးထားဂုဏ်ယူဖွယ် ထိန်းသိမ်းထားသင့်သည် ဝိသေသလက္ခဏာများကို ယင်းမြို့သူမြို့သားများကိုယ်တိုင် သတိမပြုမိသေးမီအချိန် အတွင်းမှာပင် ပုံသဏ္ဍာန်ပျက်ယွင်း စနစ်မကျသော မြို့ပြဖွံ့ဖြိုးလာမှုက စနစ်တကျ ဖျက်ဆီးပြီးဖြစ်နေလေ့ရှိသည်ကို သတိပြုမိကြရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။

အရေးအကြီးဆုံးအခြေခံလိုအပ်ချက်မှာ မြို့သူမြို့သားများ၏ မိမိတို့မြို့အပေါ် တန်ဖိုးထားဂုဏ်ယူလိုစိတ်ကို ပျိုးထောင်နိုင်ရေးဖြစ်သည်။ မိမိတို့မြို့၏ ဝိသေသလက္ခဏာများကို မှန်ကန်စွာ နားလည်သဘောပေါက်မှုမရှိဘဲ ယင်းတို့ကို မြတ်နိုးဂုဏ်ယူတန်ဖိုးထား စောင့်ရှောက်ထိန်းသိမ်းရန်ဆိုသည်မှာ မဖြစ်နိုင်သကဲ့သို့ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် လွှတ်တော်များ၏ လုံလောက်သော ဥပဒေပြဌာန်းမှု၊ အကောင်အထည်ဖော်မှုမပါဘဲ ယင်းဝိသေသလက္ခဏာများကို အခြေခံသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စနစ်တကျအကောင်အထည်ဖော်ရန်ဆိုသည် မှာလည်း အောင်မြင်နိုင်မည်မဟုတ်ပေ။

မြို့များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ကြရာတွင် မြို့သူမြို့သားများ၊ စီးပွားရေးလုပ်ငန်းများ၊ လူထုကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အစပြု၍ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအထိ အားလုံး ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။

ကလောခရီးသွားလုပ်ငန်းအဖွဲ့၏ ကလောမြို့စတိုင်စစ်တမ်းသည် ဖော်ပြပါ အခြေခံလိုအပ်ချက်မှစ၍ ကလောမြို့ပြ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းပေါ်ပေါက်လာစေရန် ကြိုးပမ်းနေစဉ်အချိန်တွင် ခိုင်ခိုင်မာမာ ကိုးကားနိုင်သော ခိုင်လုံတင့်တယ်သည့် စစ်တမ်းတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပြီ ဖြစ်ရာ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ဤစစ်တမ်းဖြစ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအားလုံးတို့ကို ကလောမြို့သူမြို့သားများအားလုံး၏ ကိုယ်စား ကလောမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် လှိုက်လှဲစွာ ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ဤနေရာမှ အလေးအနက် မှတ်တမ်းတင်အပ်ပါသည်။



ဒေါ်ပြုံးကေသီနိုင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ကလောမြို့နယ်





# အမှာစကား

မြန်မာနိုင်ငံသည် လက်ရှိအခြေအနေတွင် ဒီမိုကရေစီစနစ်သို့ ကောင်းမွန်သော တိုးတက်ပြောင်းလဲမှုများဖြင့် အသွင်ကူးပြောင်းစေနိုင်ရန် ကြိုးပမ်းလျက်ရှိသော နိုင်ငံဖြစ်ပြီး တိုးတက်ခေတ်မီလာသော နည်းပညာများနှင့် မြို့ပြ၊ ကျေးလက်ပါမကျန် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအပြင် အခြားသော ပြည်သူလူထုအခြေပြုဝန်ဆောင်မှုများသည်လည်း ခေတ်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ ထိုကဲ့သို့ မြို့နေလူဦးရေနှင့်အတူ မြို့ပြဖွံ့ဖြိုးမှု တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ စနစ်ကျ၍ ကောင်းမွန်သော မြို့ပြအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး အခြေခံအဆောက်အဦများလည်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန်လိုအပ်လာပြီး ထပ်မံဖွံ့ဖြိုးတိုးတက်လာမည့်အရာများအတွက် မြို့၏ မူလအသွင်အပြင်များကိုမထိခိုက်ဘဲ ဒေသခံများ၏ ဘဝကို အထောက်အကူဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖန်တီးနိုင်ရန်လိုအပ်မည်ဖြစ်ပါသည်။

မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွင် စည်ပင်သာယာရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးပါသောနေရာမှ ပါဝင်လျက်ရှိပြီး ပြည်သူလူထုနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်၊ ပြည်သူ့ဗဟိုပြုဆောင်ရွက်ရသည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါသည်။ ကလောမြို့နယ်စည်ပင်သာယာရေးကော်မတီသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုဖြင့် ဒေသန္တရဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို တာဝန်ယူဆောင်ရွက်ရပြီး မြို့ပြနေပြည်သူလူထု၏ လိုအပ်ချက်များနှင့် ဝန်ဆောင်မှုအမျိုးမျိုးကို ဖြည့်ဆည်းပေးရသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ကလောမြို့သည် ၂၀၁၈–၂၀၂၀ ခုနှစ်အတွက် **ASEAN Clean Tourist City Standard Award** ကို ပေးအပ်ခြင်းခံခဲ့ရသည့် မြို့ဖြစ်သည်နှင့်အညီ ခရီးသွားလာရေးလုပ်ငန်းကို တိုက်ရိုက်အကျိုးရှိစေသည့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ထိန်းသိမ်းကြိုးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ကလောမြို့သည် ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သည့် မြို့ဖြစ်၍ စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့၏ မူလသဘာဝကို မထိခိုက်စေဘဲ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေး၊ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်ရေးတို့ကို မြို့နေပြည်သူလူထုနှင့်ပူးပေါင်း၍ ဆောင်ရွက်နေပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်း ကလောမြို့စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အစီအမံများအား ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**Kalaw Style Guildline** ထွက်ရှိရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ **GIZ**၊ **KTO** အဖွဲ့များနှင့်ပူးပေါင်း၍ ကလောမြို့စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူများ၏ အကြံပြုချက်များ၊ ထင်မြင်ယူဆချက်များနှင့် တင်ပြချက်များအား စည်ပင်သာယာရေးကော်မတီအနေဖြင့် စနစ်တကျမှတ်တမ်းတင်၍ အလေးထားစိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် **GIZ** နှင့် **KTO** အဖွဲ့အစည်းများအား ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။



ကျော်မင်းထိုက်
လက်ထောက်ညွှန်ကြားရေးမှူး
ကလောမြို့နယ်စည်ပင်သာယာရေးဌာန





# အမှာစကား

ကလောမြို့မှာ အောင်မြင်ဖို့အတွက် လိုအပ်တဲ့အရာတွေအားလုံး ရှိပါတယ်။ လှပတဲ့သဘာဝပတ်ဝန်းကျင်၊ အေးမြပြီး ရာသီဥတုကောင်းမွန်မှု၊ ကောင်းမွန်တဲ့အစားအစာတွေကို နေရာမရွေးစိုက်ပျိုးနိုင်တဲ့ ကျေးလက်ဝန်းကျင်၊ တမူထူးခြားတဲ့ ကိုလိုနီခေတ်ပုံစံဗိသုကာလက်ရာတွေ၊ သဘာဝထဲမှာ လုပ်လိုရနိုင်တဲ့ အားကစားလှုပ်ရှားမှုတွေ၊ မတူညီတဲ့ ယဉ်ကျေးမှုပေါင်းစုံတွေကို တွေ့ရမှာဖြစ်ပါတယ်။

ကလောဟာ ကမ္ဘာ့အဆင့်မီ ခရီးစဉ်ဒေသတစ်ခုဖြစ်လာပြီး လုပ်ငန်းလုပ်ကိုင်လို့ကောင်းမယ့်နေရာ၊ ဘော်ဒါဆောင်၊ ကျောင်းတွေကနေ လာရောက်ကြတဲ့ နွေရာသီအပန်းဖြေအစီအစဉ်များ၊ စာပေ၊ ယဉ်ကျေးမှုပွဲများနဲ့ ရေရှည်ကျန်းမာရေးစောင့်ရှောက်မှုအပြင် အပန်းဖြေအိမ်များပါ တွေ့နိုင်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

အဓိက အရေးအကြီးဆုံးကတော့ မြို့နေသူတိုင်းအတွက် ပျော်ရွှင်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေရာတစ်ခုဖြစ်လာဖို့ပါပဲ။ သို့ပေမဲ့ အဲဒီအခွင့်အရေးကို အခုပဲယူမှရပါမယ်။ စနစ်တကျစီစဉ်မှုမရှိဘူးဆိုရင်တော့ ကလောမှာပဲရှိနိုင်တဲ့အရာတွေအားလုံးဟာ ပျောက်ကွယ်သွားပါလိမ့်မယ်။



ဒေါက်တာ သန့်မြင့်ဦး
ဥက္ကဋ္ဌ
ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့



# ကလော

## ထင်းရှူးတောများရှိသော တောင်ပေါ်မြို့

ကလောမြို့သည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်တန်းများပေါ်ရှိ မြို့ငယ်လေးတစ်မြို့ဖြစ်ပါသည်။ ကိုလိုနီခေတ်ကတည်းကပင် သဘာဝအတိုင်းရှိနေသည့် တောင်ကုန်းတောင်တန်းများနှင့် ထင်းရှူးတောများ၊ သန့်ရှင်းလတ်ဆတ်သောလေနှင့် အေးမြသော ရာသီဥတုတို့ကြောင့် လူအများ အပန်းဖြေနှစ်သြိုက်သော တောင်ပေါ်စခန်းမြို့လေးအဖြစ် ထင်ရှားပါသည်။

ကလောမြို့လေးတွင် လူမျိုးပေါင်းစုံရောနှောနေထိုင်လျက်ရှိသည့်ဖြစ်ရာ တမူထူးခြားသော ကလောမြို့၏ ဓလေ့ထုံးစံများ၊ ဘာသာ ရေးအဆောက်အအုံများကို ပေါ်လွင်ထင်ဟပ်စေသလို ဖောင်းရာအစားအစာများ၊ နီပေါ၊ အိန္ဒိယနှင့် ရှမ်းရိုးရာအစားအစာများ ကိုလည်း ရွေးချယ်စရာစုံလင်စွာဖြင့် တွေ့ရှိနိုင်ပါသည်။

မြို့ပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများပေါ်ရှိ စိုက်ပျိုးထွန်ယက်ထားရှိမှုများကို ကြည့်ခြင်းအားဖြင့် တောင်ပေါ်နေ တိုင်းရင်း သားများ၏ လုံ့လဝီရိယရှိပုံကို တွေ့မြင်ရသည်။ ဗုဒ္ဓဘာသာဝင်အများစု၏ ရိုးရှင်းပြီး အေးချမ်းတည်ငြိမ်သော လူနေမှုဘဝပုံစံများ သည် ဂေဟစနစ်နှင့် ကိုက်ညီသော အပန်းဖြေစရာ ရွေးချယ်မှုတစ်ခုအဖြစ် ပေါ်လွင်စေသည်။




ပင်းတယမြို့
ဟိုပုံးမြို့
တောင်ကြီးမြို့
ဟဲဟိုးမြို့
အောင်ပန်းမြို့
ညောင်ရွှေမြို့
ကလောမြို့
အင်းလေးကန်

# အဖိုးတန်အရင်းအမြစ်များ

## ကလောနှင့်ပတ်သက်၍ ဘာကို နှစ်သက်သဘောကျလဲ။

**ဒေသခံတို့၏ အကြိုက်နှစ်သက်ဆုံး**



ကလောမြို့၏ ရာသီဥတု၊ ရေမြေအနေအထားနှင့် အေးချမ်းဆိတ်ငြိမ်မှု။

**လာရောက်လည်ပတ်သူတို့၏ အကြိုက်နှစ်သက်ဆုံး**



ကလောမြို့၏ ရာသီဥတု၊ ရေ မြေ အနေအထားနှင့် ဖော်ရွေမှု။

## သာယာလှပသော မြို့လေးနှင့် ကောင်းမွန်သော ပတ်ဝန်းကျင်

> နောင်မျိုးဆက်သစ်များအတွက် ကလောမြို့၏ သဘာဝအလှအပများ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ပေးရမည်

**မြို့၏ အတုမရှိခြင်းများကို ချစ်ခင်မြတ်နိုးပါ**

* ဒေသခံ ၁၈၅ ယောက်နှင့် နိုင်ငံတကာမှ လာရောက်လည်ပတ်သော ဧည့်သည်ပေါင်း ၁၁၇ ယောက်ထံမှ ကောက်ယူထားသော **KTO** ၏ စစ်တမ်းများအရ

# အနာဂတ်ရည်မှန်းချက်

## နောင် ၁၀ နှစ်အတွင်း ပြောင်းလဲလာမည့် ဒေသခံများမျှော်လင့်ထားသော ကလောမြို့ပုံစံ

**မြို့လယ်ဧရိယာအနေအထား**



မြို့နေလူဦးရေ၏ ၆၀% ခန့်မှာ မြို့လယ်နေရာတွင် ဝရန်တာနှင့် အဆောက်အဦးမျက်နှာစာ ဆင်ဝင်တိုင်လုံးများပါသော နှစ်ထပ်တိုက် အဆောက်အဦးများ ပေါ်ထွန်းလာစေချင်ပြီး လူဦးရေ ၁၀% သည် သုံးထပ် ထက်ပိုသော အထပ်မြင့်အဆောက်အဦးများကို လိုလားကြသည်။

**တောင်ကုန်းမြေနေရာ**



တောင်ကုန်းမြေနေရာများနှင့် စပ်လျဉ်း၍ မြို့နေလူဦးရေ၏ ၈၀% ကျော်သည် လုံးချင်းတစ်ထပ်အိမ်ငယ်ပုံစံများကို နှစ်သက်ပြီး ၁၃% ခန့်မှာ သုံးထပ် ထက်ပိုသော အထပ်မြင့်အဆောက်အဦးများကို သဘောကျကြသည်။

**ဒေသခံများက ဘာတွေကို ပိုလိုချင်ကြသလဲ။**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပြီး ဟိုတယ်နှင့် စားသောက်ဆိုင်များတိုးပွားလာကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန်၊ အခြေခံပြည်သူ့အဆောက်အအုံများနှင့် အထောက်အကူပြုအဆောက်အဦးများ တိုးပွားလာစေရန်ရည်ရွယ်သည်။



**ဒေသခံများက ဘာတွေကို မလိုချင်ကြသလဲ။**

သစ်တောပြုန်းတီးမှုများ မြင့်မားလာမှု၊ အထပ်မြင့်အဆောက်အဦးများ၊ လောင်းကစား၊ အရက်နှင့် အမှိုက်များ ပေါ်များလာမှုသည် ဒေသခံများအတွက် စိုးရိမ်စရာဖြစ်လာသည်။



# အနာဂတ်ရည်မှန်းချက်

## နောင် ၁၀ နှစ်အတွင်း ပြောင်းလဲလာမည့် ဒေသခံများမျှော်လင့်ထားသော ကလောမြို့ပုံစံ

ပုံ(၁) - ကလောမြို့တွင်း ယနေ့လက်ရှိမြင်ကွင်း



ပုံ(၂) - ကလောမြို့တွင်း အထပ်နိမ့်အဆောက်အဦးပုံစံများတိုးတက်လာမည့်မြင်ကွင်း



ပုံ(၃) - ကလောမြို့တွင်း အထပ်မြင့်အဆောက်အဦးပုံစံများတိုးတက်လာမှုမည့်မြင်ကွင်း



လာရောက်လည်ပတ်သူများအနေဖြင့် မြို့လယ်ကောင်နှင့် ကုန်းမြင့်နေရာများရှိ သမိုင်းဝင်အဆောက်အအုံများကို မပျက်မစီးထိန်းသိမ်းထားစေချင်သလို အထပ်မြင့် အဆောက်အဦးအသစ်များ သိပ်သည်းတိုးပွားလာသည်ကို မလိုလားပါ။



# အနာဂတ်ရည်မှန်းချက်

## နောင် ၁၀ နှစ်အတွင်း ပြောင်းလဲလာမည့် ဒေသခံများမျှော်လင့်ထားသော ကလောမြို့ပုံစံ

ပုံ(၁) - ကလောတောင်ကုန်းနေရာ ယနေ့လက်ရှိမြင်ကွင်း



ပုံ(၂) - ကလောတောင်ကုန်းနေရာ အထပ်နိမ့်အဆောက်အဦးပုံစံများတိုးတက်လာမည့်မြင်ကွင်း



ပုံ(၃) - ကလောတောင်ကုန်းနေရာ အထပ်မြင့်အဆောက်အဦးပုံစံများတိုးတက်လာမှုမည့်မြင်ကွင်း





# ကလောစတိုင်

## ကလောမြို့၏ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မဟာဗျူဟာများ

**ကလောမြို့၏ အထင်ကရအမွေအနှစ်နေရာများကို မြန်မာတို့၏အဆင့်တန်းမြင့်လည်ပတ်စရာနေရာဖြစ်စေဖို့ရန်
မူလအတိုင်းထိန်းသိမ်းထားရှိနိုင်မည့်
အတွေးအခေါ်ထင်မြင်ယူဆချက်များ၊ စံတန်ဖိုးနှင့် လမ်းညွှန်ချက်များ**

### ၁

**မြို့ပတ်ဝန်းကျင်ရှိ
ထင်ရှားအရေးပါသော
အမွေအနှစ်အဆောက်အအုံများကို
မူလအတိုင်းထိန်းသိမ်းထားရန်**

**၁.၁ အမွေအနှစ်တန်ဖိုး**

အမွေအနှစ်နေရာများ၏ တမူခြားနားမှုများနှင့် အရေးပါထင်ရှားသော တန်ဖိုးအရင်းအမြစ်များ

**၁.၂ အမွေအနှစ်ဆိုင်ရာ လမ်းညွှန်**

အမွေအနှစ်ဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း အမွေအနှစ်တန်ဖိုးများ မပျောက်ကွယ်အောင် ရှေးမူမပျက်ပြုပြင်မွမ်းမံခြင်း

### ၂

**သမိုင်းဝင်လမ်းမများနှင့်
ရှုခင်းအငွေ့အသက်များ
မူလပကတိအတိုင်း ထိန်းသိမ်းနေစဉ်အတွင်း
တိုးတက်ဖွံ့ဖြိုးမှုအသစ်များကို
လက်ခံဖော်ဆောင်ရန်**

**၂.၁ အမွေအနှစ်ဆိုင်ရာ စီမံကိန်း**

အမွေအနှစ်နေရာများ မထိခိုက်စေရန် မြေနေရာအကျယ်အဝန်း၊ အမြင့်နှင့် ထူထပ်သိပ်သည်းမှုများကို ထိန်းချုပ်နိုင်သည့် စီမံကိန်းများ ရေးဆွဲခြင်း

**၂.၂ ပုံစံနှင့်သက်ဆိုင်သော လမ်းညွှန်**

ဖွံ့ဖြိုးမှုအသစ်များကို ရှေးဟောင်းအမွေအနှစ်ပုံစံနှင့် ကိုက်ညီသော ရသပြည့်ဝသည့် ဗိသုကာဆိုင်ရာစည်းမျဉ်းစည်းကမ်းများလမ်းညွှန်ပေးခြင်း

**၂.၃ သဟဇာတဖြစ်စေရန် ဟန်ချက်ညီအသုံးချမှုများ**

နေထိုင်ရန်နှင့် စီးပွားဖြစ် အသုံးချမှုများအကြား သဟဇာတဖြစ်စေရန် ဟန်ချက်ညီမှု ရှိစေပြီး မလိုအပ်သော အသုံးချမှုများ မရှိစေရန် ထိန်းသိမ်းကာကွယ်ခြင်း

### ၃

**စိမ်းလန်းသော
ပတ်ဝန်းကျင် နှင့်
သန့်ရှင်း၍ နေချင်စဖွယ်ဖြစ်မှု
ထိန်းသိမ်းဆောင်ရွက်ရန်**

**၃.၁ ကြားခံနေရာလပ်များကို ကာကွယ်ထိန်းသိမ်းခြင်း**

အများပြည်သူနှင့်ဆိုင်သော နေရာများ၊ ကြားခံ နေရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

**၃.၂ မော်တော်ယာဉ်ကူးလူးသွားလာမှု စီမံခန့်ခွဲခြင်း**

မော်တော်ယာဉ်များကူးလူးသွားလာမှုကို စီမံခန့်ခွဲခြင်း

**နိုင်ငံတကာပဋိညာဉ်စာတမ်း**

အာရှမြို့တော်များအတွက် Nara Document on Authenticity (1994) Hoi An Protocols for Best Conservation Practice in Asia (2005) and the Seoul Declaration on Tourism in Asia's Historic Towns and Areas (2005) အစရှိသော လမ်းညွှန်ချက်စာတမ်းများအတိုင်း ဘက်ပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသော တိကျသောစီမံခန့်ခွဲမှုများနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ကိုင်တွယ်ဖြေရှင်းနည်းများကို ဖော်ထုတ်ထားခြင်းဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ ရည်ရွယ်ချက်မှာ ခေတ်ကာလအစောပိုင်းအမွေအနှစ်အစစ်အမှန်များ၏ ဘေးကင်းလုံခြုံမှုကို အဓိကထားပြီး အသစ်ပြန်လည်ပြုပြင်မွမ်းမံရာတွင် ဒေသရိုးရာဆောက်လုပ်ရေးနည်းစနစ်စွမ်းရည်များ၊ ပစ္စည်းများကို အသုံးပြု၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းမျိုးကို အလေးထားသည်။

**ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်ပန်းတိုင်နှင့် မြို့ပြသစ်စီမံကိန်းများ**

ရိုးရာယဉ်ကျေးမှု၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်/ရေမြေရှုခင်းများသည် နိုင်ငံတကာအဆင့်တွင် ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးမှုများ အဆင့်မြှင့်တင်ရန်အခန်းကဏ္ဍရပ်တစ်ခုအဖြစ်ပါဝင်ပြီး ကမ္ဘာလုံးဆိုင်ရာမြို့ပြသစ်စီမံကိန်း(New Urban Agenda) နှင့် ရေရှည်တည်တံ့သော စည်ပင်ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ၁၅ နှစ်စီမံကိန်းရည်မှန်းချက် (SDGs) တွင် အကျုံးဝင်သည်။ ကမ္ဘာ့သဘာဝနှင့်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကာကွယ်ပေးရန် အားထုတ်ကြိုးပမ်းမှုများ ပိုမိုအားကောင်းလာစေရန် နိုင်ငံအစိုးရများအား မေတ္တာရပ်ခံထားသည်ကို SDG #11.4 တွင် ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားသည်။

မြို့ပြသစ်စီမံကိန်း(New Urban Agenda)ပါ တာဝန်ဝတ္တရားများ

မြို့တော်များရှိ သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရန်နှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်မှုများကို ထိန်းကျောင်းပေးခြင်း

#38. ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဒေသနည်းလမ်းများအသုံးပြုတည်ဆောက်ပြီး မြို့ပြစီးပွားရေးကိုမြှင့်တင်ခြင်း

#45. ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းနှင့် အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို အထောက်အပံ့ပေးခြင်း

#60. ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းနှင့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစေနိုင်သည့် လှုပ်ရှားမှုများကို ထောက်ပံ့ပေးခြင်း

#124. မြို့ပြစီမံကိန်းရေးဆွဲရာတွင် ယဉ်ကျေးမှုအမွေအနှစ်များကို ဦးစားပေးအခန်းကဏ္ဍအဖြစ် ပါဝင်စေခြင်း

#125. ရေရှည်တည်တံ့သော မြို့ပြစည်ပင်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို အထောက်အကူပြု ထိန်းကွပ်ပေးခြင်း

၁

# အမွေအနှစ်တန်ဖိုး

## အမွေအနှစ်နေရာများ၏ တမူခြားနားမှုများနှင့် အရေးပါထင်ရှားသော တန်ဖိုးအရင်းအမြစ်များ

ဘယ်အရာတွေက ကလောမြို့ကို တမူခြားနားစေပြီး ကလောဟူ၍ဖြစ်လာအောင် မည်သည့်အရည်အချင်းများက ကျောထောက်နောက်ခံပြုထားပါသလဲ။ လက်ဆုပ်လက်ကိုင်ပြနိုင်သည်ဖြစ်စေ မပြနိုင်သည်စေ ကလောမြို့ကို အခြားနေရာများနှင့်မတူ ထူးခြားစေသော တန်ဖိုးအရင်းအမြစ်တွေဟာ ဘာတွေလဲ။ ယင်းအရာသည် အဆောက်အအုံတစ်ခု၊ ကျောင်းတစ်ကျောင်း၊ လမ်းတစ်လမ်း (သို့) အပင်တစ်ပင်ဖြစ်စေ ၎င်း၏တန်ဖိုးကို မှန်မှန်ကန်ကန် ဖော်ထုတ်စာရင်းပြုစုပေးရမည်။ မျိုးဆက်သစ်များအနေဖြင့် ကလောမြို့၏ အမှတ်လက္ခဏာ အမွေအနှစ်တန်ဖိုးများကို နှစ်သက်ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် လူအများ နားလည်အသိအမှတ်ပြုလာအောင် ပြုလုပ်ပေးနိုင်သည်။

ဘယ်အရာတွေက ကလောမြို့ကို တမူခြားနားစေသလဲ။

### အဓိကကျသောတန်ဖိုးအရင်းအမြစ်များ

| | | | |
|---|---|---|---|
| ★ | **not so special** | - | **nice to have** |
| ★★ | **quite unique** | - | **make effort to keep** |
| ★★★ | **very unique** | - | **must preserve** |

ဘာသာရေးအဆောက်အအုံများ

★★



အထင်ကရအမွေအနှစ်အဆောက်အအုံများ

★★★




ဆင်ဝင်/ဝရန်တာပုံစံ ကုန်ဆိုင်များ

★★★



# အမွေအနှစ်တန်ဖိုး

## အမွေအနှစ်နေရာများ၏ တမူခြားနားမှုများနှင့် အရေးပါထင်ရှားသော တန်ဖိုးအရင်းအမြစ်များ

**ထင်းရှူးတောရှုခင်းများ**



★★★

**သစ်လုံးအိမ်များ**



★★★

**ကျူဒေါ်ပုံစံလုံးချင်းအိမ်များ**



★★★

**သစ်ပင်ပန်းမန်မျိုးစုံမျိုးကွဲများ**



★★★

### ရှေ့ဆက်လုပ်ဆောင်သွားမည့် အဆင့်များ

**ပိုမိုကျယ်ပြန့်သော အမွေအနှစ်ဆိုင်ရာ ဆန်းစစ်လေ့လာခြင်း** – မြေ၊ အိမ်ရာအဆောက်အအုံနှင့် လမ်းရှုခင်းများ၏ အမွေအနှစ်တန်ဖိုး အသေးစိတ်စစ်တမ်း

**အဆောက်အအုံတစ်လုံးချင်းစီကာကွယ်ပေးမှု**– ဥပဒေအစီအမံ ပြဋ္ဌာန်းချက်သည် အဆောက်အအုံများကို ပြောင်းလဲပြုပြင်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအား တင်းကျပ်စွာ တားမြစ်ထိန်းချုပ်ထားသော်လည်း အဆောက်အအုံများကြားရှိ ရှုမြင်ကွင်း (သို့) နေရာလပ်များကို ထိန်းချုပ်ထားမှု မရှိပေ။

**ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေများထိန်းသိမ်းခြင်း** – ဥပဒေအစီအမံပြဋ္ဌာန်းချက်ဖြင့် နေရာလပ်မကျန်ပါဝင်သော စီရင်စုတစ်ခုလုံးကို ကာကွယ်မှုပေးထားသည်။ ၎င်းကာကွယ်မှုသည် သမိုင်းဝင်အဆောက်အအုံပတ်ဝန်းကျင်၏ ဝိသေသလက္ခဏာအနှစ်သာရကို ထိန်းသိမ်းကာကွယ်ရာတွင် အကျိုးသက်ရောက်မှုရှိစေသည်။

**နိုင်ငံတကာတရားဝင်အသိအမှတ်ပြုမှုများ** – တမူခြားနားသော အမွေအနှစ်တန်ဖိုးများကို အသိအမှတ်ပြုသည့် UNESCO နှင့် ICOMOS ကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြုအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို ရှာဖွေရမည်။

၁

# အမွေအနှစ်ဆိုင်ရာ လမ်းညွှန်

## သမိုင်းဝင်မြေ၊ အိမ်ရာအဆောက်အအုံများကို ရှေးမူမပျက်ပြုပြင်မွမ်းမံခြင်းနှင့် သစ်လွင်အောင် ပြုလုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

အရေးပါသော အမွေအနှစ်တန်ဖိုးများပါရှိသည့် အမွေအနှစ်အဆောက်အအုံများကို အသစ်ပြောင်းလဲပြုပြင်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအား တင်းတင်းကျပ်ကျပ်တားမြစ်ထိန်းချုပ်ခြင်းကို ထောက်ခံအားပေးခြင်းဖြင့် မသင့်လျော်သော ပြင်ဆင်မှုများကြောင့် ယိုယွင်းဆုတ်ယုတ်လာမှုများကို ဟန့်တားနိုင်သည်။

### ဆောင်ရန်ရှောင်ရန်များ

- **ဒေသရိုးရာပစ္စည်းများအသုံးပြုပါ** – ဒေသသုံးဆောက်လုပ်ရေးပစ္စည်းများ(အုတ်၊ သစ်၊ အုတ်ကြွပ်ပြား၊ ထုံးအင်္ဂတေ) အသုံးပြုနိုင်သည်။ မရရှိနိုင်ပါက မူလပင်ကိုအရောင်အတိုင်း ထားရှိပေးရမည်။ ခေတ်မီလေအေးပေးစက်များ၊ လျှပ်စစ်ဓာတ်အားပေးမီးစက်များကို အဆောက်အအုံကွယ်ရာ နောက်ဖေးနေရာမျိုးတွင် ထားရှိရမည်။
- **နဂိုမူလတန်ဆာဆင်ထားမှုအနှစ်သာရများကို ထိန်းသိမ်းခြင်း** – မူရင်းအလှဆင်ထားသော အင်္ဂါရပ်အစိတ်အပိုင်းများကို ဖယ်ရှားခြင်း၊ ဆေးသုတ်ခြင်း၊ အခြားသော အလှတန်ဆာ ဆင်ထားသော တိုင်လုံးများ၊ သင်္ကေတများ၊ ပုံဖော်ခြယ်မှုန်းထားသော မှန်ရောင်စုံများ၊ အမှတ်လက္ခဏာများကို ပြောင်းလဲပြင်ဆင်ခြင်းများ အစရှိသည်တို့ကို ရှောင်ကြဉ်ရမည်။
- **လိုက်လျောညီထွေရှိသောပြင်ဆင်ချက်များကို တာဝန်ယူဆောင်ရွက်ခြင်း** – မူလသမိုင်းဝင်ပုံစံအတိုင်း တစ်ထပ်တည်းကူးချထားခြင်းမျိုးမဟုတ်ဘဲ အလားတူသောတည်နေရာ၊ ကြီးမားသောအရွယ်အစား၊ အချိုးအဆ၊ အတိုင်းအတာပမာဏနှင့် ပစ္စည်းတန်ဆာများကို အသုံးပြုနိုင်သည်။ လွန်ကဲသောအကြီးစားပြင်ဆင်မွမ်းမံမှုများကို ရှောင်ရှားရမည်။
- **မူလအဆောက်အအုံများကို အသုံးချမှုပုံစံအသစ်ရှာဖွေခြင်း** – အဆောက်အအုံဟောင်းများကိုအသုံးပြုခြင်းသည် အကောင်းဆုံးပြင်ဆင်ထိန်းသိမ်းခြင်းမျိုးဖြစ်စေသည်။ အဆောက်အအုံဟောင်းများကို မူလပကတိအတိုင်း အလုံးစုံထားရှိ အသုံးမပြုခြင်းထက် အနုစိတ်ကျသော ပြင်ဆင်မှုများ ပြုလုပ်၍အသုံးပြုခြင်းသည် ပိုမိုနှစ်သက်လိုလားဖွယ်ကောင်းသည်။ အဆောက်အုံဟောင်းများနှင့် သဟဇာတဖြစ်သော လုပ်ငန်းဆောင်တာများကို အားပေးလုပ်ဆောင်ခြင်းဖြင့် အဆောက်အအုံများ၏သက်တမ်းကို နဂိုမူလအတိုင်း ထိန်းသိမ်းပေးရာရောက်သည်။
- **သမိုင်းဝင်လမ်းရှုခင်းများကိုအလေးထားဂရုပြုခြင်း** – အဆောက်အအုံများ၏ မူလပကတိမျက်နှာစာများ၊ ပြတင်းပေါက်အတိုင်းအဆများ၊ တံခါးပေါက်နှင့် အခြားသော ဖွင့်လှပ်ထားသည့်အရာများအားလုံးကို ထိန်းသိမ်းထားရမည်။ မူလမြေအိမ်ရာအဆောက်အအုံများကို ပျက်စီးဆုတ်ယုတ်စေသော နေရာအချိုးအဆတိုင်းတာထားမှုများ မလိုအပ်ပေ။

✔ do



Kalaw Heritage Hotel နှင့် Amara Resort တို့သည် အမွေအနှစ်အဆောက်အဦးကို သေချာပြန်လည်ပြုပြင်ထားသည့် နေရာများအဖြစ် တွေ့မြင်နိုင်သည်။

✘ don't



လိုက်ဖက်ညီမှုမရှိသော ခေတ်မီအဆောက်အဦးသုံးပစ္စည်းများ၊ အရောင်ရွေးချယ်မှုများနှင့် မလိုအပ်သော မြေကွက်နေရာများ အသုံးချမှု

# အမွေအနှစ်ဆိုင်ရာ လမ်းညွှန်

## သမိုင်းဝင်မြေ၊ အိမ်ရာအဆောက်အအုံများကို ရှေးမူမပျက်ပြုပြင်မွမ်းမံခြင်းနှင့် သစ်လွင်အောင် ပြုလုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

✔ do



အသုံးမပြုဘဲထားရှိနေသော သမိုင်းဝင်အဆောက်အဦးများကို ရင်းနှီးမြှုပ်နှံလာနိုင်သည့်သူများအတွက် ဖွင့်ပေးခြင်း

### ရှေ့ဆက်လုပ်ဆောင်သွားမည့်အဆင့်များ

**လမ်းညွှန်ချက်များကျယ်ကျယ်ပြန့်ပြန့်ပြဋ္ဌာန်းသတ်မှတ်ခြင်း** – စာရင်းပြုစုထားသော သမိုင်းဝင်အဆောက်အအုံများကို အသစ်ပြုပြင်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းနှင့် နဂိုမူလပုံစံမပျက် ထိန်းသိမ်းပြုပြင်ခြင်းများအတွက် လမ်းညွှန်ချက်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

**သမိုင်းဝင်မြေ၊ အိမ်ရာအဆောက်အအုံများကို အသစ်ပြုပြင်ခြင်းနှင့် အကျိုးရှိစွာ ပြန်လည်အသုံးပြုခြင်းများကို လွယ်ကူချောမောစေရန် ပဏာမခြေလှမ်း**– မီးရထားရုံး၊ စာတိုက်ရုံးဟောင်း၊ ကလောကလပ်နှင့် ကင်းစ်ဝုဒ်ကျောင်းတို့၏ လုပ်ဆောင်နိုင်စွမ်းအလားအလာများမှာ လက်ရှိအနေအထားတွင် အကျိုးရှိစွာ အသုံးချနိုင်ခြင်းမရှိသေးပေ။ နယ်မြေကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သူများအနေဖြင့် အမွေအနှစ်မြေအိမ်ရာအဆောက်အအုံများကို အစိုးရဝန်ကြီးဌာနများပါဝင်သည့် သက်ဆိုင်ရာပိုင်ဆိုင်သူများနှင့် နှစ်ရှည်သဘောတူအငှားစာချုပ်များ ချုပ်ဆို၍ အလေးထားပြုပြင်လည်ပတ်မှုများဖော်ဆောင်၍ စီးပွားရေးအလားအလာကောင်းများ ရရှိနိုင်သည်။ ဥပမာအားဖြင့် ရန်ကုန်မြို့ရှိ Tourist Burma ယခင်ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဆောက်အအုံဟောင်း၊ Burma Bistro စားသောက်ဆိုင်၊ Rangoon Tea House ရန်ကုန်တီးဟောက်စ်တို့လို အဆောက်အအုံမျိုးများကို ဆိုလိုသည်။

၂

# အမွေအနှစ်ဆိုင်ရာ စီမံကိန်း

## အမွေအနှစ်စီမံကိန်းများရေးဆွဲ၍ မြို့၏သိပ်သည်းထူထပ်လာမှု၊ မြေနေရာအရွယ်အစားနှင့် အမြင့်တို့ကို ထိန်းချုပ်ခြင်း

ကျွန်ုပ်တို့အနေဖြင့် ဇုန်နယ်မြေစီမံချက်များရေးဆွဲ၍ သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်အဆောက်အအုံများကို ထိန်းသိမ်းကာကွယ်ရမည်။ ယင်းစီမံချက်များသည် ရိုးရှင်းခိုင်မာသော အခြေခံသဘောတရားများပေါ်မူတည်၍ စစ်တမ်းထုတ်ထားသော ထိန်းသိမ်းရမည့်အဆောက်အအုံများ၊ စိမ်းလန်းနယ်မြေများ၊ မြင်တွေ့နိုင်သော စကြံန်လျှောက်လမ်းများကို ရည်ညွှန်းသည်။

### ကလောမြို့ရှိ အမွေအနှစ်ဇုန်နယ်မြေများဖော်ထုတ်ရန် လိုအပ်ချက်အလားအလာများ




အမွေအနှစ်ဇုန်နယ်မြေပြမြေပုံသည် သမိုင်းဝင်အမွေအနှစ်ရှုခင်းတန်ဖိုးအရင်းအမြစ်များနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့်မှတ်တမ်းတင်ထားခြင်း (သို့) မှန်ကန်တိကျစွာ တင်ပြတောင်းဆိုထားသည့် အခြေခိုင်သော နယ်နိမိတ်သတ်မှတ်မှုမျိုးမဟုတ်ဘဲ မျက်မြင်အကိုးအကားတစ်ရပ်မျိုးဖြစ်သည်။ လက်ရှိဖွံ့ဖြိုးတိုးတက်မှုများကို အခြေခံ၍ ဒေသအလုပ်အကိုင်လုပ်ငန်းများအတွက် အသုံးချနိုင်သည့် ဇုန်နယ်မြေသတ်မှတ်ခြင်း အခြေခံလိုအပ်ချက်များကို ညွှန်ပြပေးနိုင်သည်။

**စီးပွားရေးအမွေအနှစ်ဇုန်နယ်မြေ**
ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော အမွေအနှစ်လက္ခဏာရပ်များ ကျန်ရှိနေသေးသည့် ကာလပတ်လုံး အဆောက်အအုံများသစ်များနှင့် ပြောင်းလဲပြင်ဆင်ခြင်းများကို ခွင့်ပြုသည်။
သတ်မှတ်အမြင့် – G/F + 2
ထုထည်ပမာဏ – medium
ဗိသုကာပုံစံ – အရောင်းဆိုင်အဆောက်အအုံအမျိုးအစား

**လူနေအဆောက်အအုံအမွေအနှစ်ဇုန်နယ်မြေ**
ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော အမွေအနှစ်လက္ခဏာရပ်များ ကျန်ရှိနေသေးသည့် ကာလပတ်လုံး အဆောက်အအုံများသစ်များနှင့် ပြောင်းလဲပြင်ဆင်ခြင်းများကို ခွင့်ပြုသည်။
သတ်မှတ်အမြင့် – G^F + 1
ထုထည်ပမာဏ – low
ဗိသုကာပုံစံ – ဆင်ခြေလျှောအမိုးပါရှိသော လုံးချင်းတစ်ထပ်တိုက်ပုံစံ

**တောင်ကုန်းနယ်မြေအမွေအနှစ်ဇုန်**
အဆောက်အအုံသစ်များ စည်ပင်တိုးတက်ခြင်းကို တင်းတင်းကျပ်ကျပ် ကန့်သတ်ထားသော စိုက်ပျိုးနယ်မြေများ
သတ်မှတ်အမြင့် – G/F + 1
ဗိသုကာပုံစံ – ဆင်ခြေလျှောအမိုးပါသော လုံးချင်းတစ်ထပ်တိုက်ပုံစံ ဖြစ်ရမည်။

စိမ်းလန်းနယ်မြေနှင့် လူသွားလမ်းများပါရှိရမည်။ ဆောက်လုပ်ရေးအသစ်များ ခွင့်မပြု။

**ဆွဲဆောင်မှုရှိသော သမိုင်းဝင်ကြည့်ရှုစရာနေရာများနှင့် ရှုမြင်ကွင်းစုံ စကြံန်လမ်းများ**
အလေးထားဂရုပြု၍ နဂိုမူလအတိုင်း ပြန်လည်ထိန်းသိမ်းခြင်း

**စစ်တမ်းပြုစုထားသော အမွေအနှစ်အဆောက်အအုံများ**
ဖြိုချဖျက်ဆီးမှုများကို တားမြစ်ခြင်း၊ အမွေအနှစ်အဆောက်အအုံများကို ထိန်းသိမ်းခြင်းနှင့် အတွင်းပိုင်းအဆင့်မြှင့်တင်ခြင်း

# အမွေအနှစ်ဆိုင်ရာ စီမံကိန်း

## အမွေအနှစ်စီမံကိန်းများရေးဆွဲ၍ မြို့၏သိပ်သည်းထူထပ်လာမှု၊ မြေနေရာအရွယ်အစားနှင့် အမြင့်တို့ကို ထိန်းချုပ်ခြင်း

### အဓိကအခြေခံသဘောတရားများ

မြို့လယ်ဇရိယာ–စီးပွားရေးအမွေအနှစ်ဇုန်

**အောင်ချမ်းသာစေတီထက်ပို၍မြင့်သော အဆောက်အအုံများ မရှိစေရ။**



တောင်ကုန်းနယ်မြေဇရိယာ–လူနေအဆောက်အအုံအမွေအနှစ်ဇုန်

**ထင်းရှူးပင်ထက်မြင့်သော အဆောက်အအုံများ မရှိစေရ။**



### ရှေ့ဆက်လုပ်ဆောင်သွားမည့်အဆင့်များ

**ပြည်နယ်အဆင့်တွင် အမွေအနှစ်ဇုန်နယ်မြေသတ်မှတ်မှုစီမံကိန်း အဆင့်မြှင့်တင်ခြင်း**သည် လက်ရှိစည်ပင်တိုးတက်နေမှုများကို ထိခိုက်စေသည့် ထင်မြင်ချက်များ၊ အဆောက်အအုံအထပ်မြင့်နှင့် ထူထပ်သိပ်သည်းလာမှုမြင့်တက်လာခြင်းတို့ကို သက်ရောက်မှုရှိစေသည်။ အများသတိပြုမိသည့်အချက်မှာ မြို့လယ်ကောင်စေတီနေရာမျိုးတွင် ၃ ထပ်နှင့်အထက်ရှိသော အဆောက်အအုံများ၊ တောင်ကုန်းနယ်မြေနေရာများတွင် ထန်းပင်တမျှရှိသော ၂ ထပ်အဆောက်အအုံများ စသည့်လွန်ကဲသော အဆောက်အအုံခွင့်ပြုချက်များကို တားမြစ်နိုင်သော ဥပဒေပြဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်ဖြစ်သည်။

J

# ပုံစံနှင့် သက်ဆိုင်သော လမ်းညွှန်

## ဗိသုကာဆိုင်ရာနှင့် အနုသုခုမရသဆိုင်ရာ စည်းမျဉ်းများ

### ကလောမြို့၏ တောင်ပေါ်တောင်ကုန်းရေိယာပုံစံက ဘာလဲ။

ကလောမြို့သည် တောင်ကုန်းမြေအနေအထားနှင့် သဘာဝပေါက်ပင်များကို အလေးပေးထားသည့် ပုံစံမျိုးဖြစ်သည်။ သဘာဝက ပုံစံဆွဲပေးထားသော သင့်ရုံမျှအသံ၊ မလွင်သော အရောင်များနှင့် ရှုခင်းများက ရောထွေးနေသည်။ ကလောမြို့၏ ရှည်လျားသော သမိုင်းကြောင်းနှင့် ဂုဏ်ယူဖွယ်အဆောက်အအုံများဖြစ်သည့် သစ်လုံးအိမ်များ၊ ကျူဒေါ်ပုံစံလုံးချင်းအိမ်များတွင် ပါရှိသော ဆင်ခြေလျှော အမိုးစောက်များ၊ အမိုးစောင်းရှိပြတင်းပေါက်များ၊ ပန်းပြောက်ဖော်ထားသော မျက်နှာကြက်အင်္ဂတေပြားများ၊ မြင့်မားသော ပြတင်း ပေါက်များနှင့် မီးခိုးခေါင်းတိုင်များ၊ ဆင်ဝင်တိုင်လုံးများ၊ ဝရန်တာများသည် ရာသီဥတုမြေအနေအထားများနှင့် အင်မတန်ဟပ်စပ် ပေါ်လွင်သည်။ ပတ်ဝန်းကျင်ရှုခင်းများ၏ သဘာဝအလှအပများကို ကျယ်လောင်လင်းလက်သော မည်သည့်အရာများမှ အာရုံပြောင်း သွားအောင် ပြုလုပ်နိုင်ခြင်းမရှိပေ။

ဆင်ခြေလျှောအမိုးစောက်များပါသော ကျူဒေါ်လုံးချင်းအိမ်နှင့် သစ်လုံးအိမ်အသစ်များ

✔ do








တောင်ပေါ်ပုံစံတစ်ထပ်တိုက်အိမ်အသစ်များ

✔ do








# ပုံစံနှင့် သက်ဆိုင်သော လမ်းညွှန်

## ဗိသုကာဆိုင်ရာနှင့် အနုသုခုမရသဆိုင်ရာ စည်းမျဉ်းများ

သာမန်ရိုးရိုး တစ်ထပ်တိုက်အိမ်များ

~ it's OK



နိမ့်သော အရွယ်အစား-စည်ပင်ဖွံ့ဖြိုးသိပ်သည်းမှုမြင့်မား-တောင်ပေါ်ပုံစံ

~ it's OK



အလယ်အလတ်အရွယ်အစား-စည်ပင်ဖွံ့ဖြိုးသိပ်သည်းမှုမြင့်မား-ခေတ်မီပုံစံ

✘ don't



၂

# ပုံစံနှင့် သက်ဆိုင်သော လမ်းညွှန်

## ဗိသုကာဆိုင်ရာနှင့် အနုသုခုမရသဆိုင်ရာ စည်းမျဉ်းများ

### ကလောမြို့၏ မြို့လယ်ရေိယာက ဘယ်လိုပုံစံရှိမလဲ။

ကလောမြို့၏ ပုံစံသည် မြို့တစ်မြို့၏ ခံစားမှုရသကို ပေါ်လွင်စေသည်။ မြို့လယ်ခေါင်ဈေးသည် ရှည်လျားသော သမိုင်းကြောင်း၊ အမွေခံတိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ယုံကြည်ကိုးကွယ်မှုများ စုံစုံလင်လင် တက်ကြွစွာလှုပ်ရှားနေမှုကို တွေ့မြင်နိုင်သည်။ အနီးအနားကျေးရွာများမှ တိုင်းရင်းသားများသည် ၎င်းတို့၏ သန့်ရှင်းလတ်ဆတ်သော ထုတ်ကုန်များကို ကူးသန်းရောင်းဝယ်နေကြသလို ကိုလိုနီခေတ်များက မော်တော်ကားလမ်း၊ မီးရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်ကြသော ဂေါ်ရခါး၊ ဆစ်ခ်နှင့် မူစလင်အနွယ်လူမျိုးများ အခြေချနေထိုင်ကြသည်ကိုလည်းတွေ့ရသည်။ မူလဗိသုကာလက်ရာများဖြစ်သော ဆင်ဝင်တိုင်လုံးများ ပါရှိသည့် အရောင်းကုန်ဆိုင်အဆောက်အအုံများနှင့် ဆွဲဆောင်မှုရှိသော သမိုင်းဝင်ကြည့်ရှုစရာနေရာများသည် အရေးပါသော ဘာသာရေးဆိုင်ရာအထင်ကရ အဆောက်အအုံများအဖြစ် အသိအမှတ်ပြုမှတ်မိနိုင်အောင် ပုံစံရေးဆွဲအလေးထား တည်ဆောက်ထားသည်ကို မြင်တွေ့နိုင်သည်။

ခေတ်မီ ဆင်ဝင်ပါသောပုံစံ အရောင်းကုန်ဆိုင်အဆောက်အအုံများ

~ it's OK




ခေတ်မီ ၂ ထပ်မြင့်အဆောက်အအုံများ

~ it's OK



# ပုံစံနှင့် သက်ဆိုင်သော လမ်းညွှန်

## ဗိသုကာဆိုင်ရာနှင့် အနုသုခုမရသဆိုင်ရာ စည်းမျဉ်းများ

ခေတ်မီပုံစံအတိုင်း အမြင့် ၂ ထပ် မှ ၄ ထပ် တည်ဆောက်ပြုပြင်မှုများ

✘ don't



ခေတ်မီပုံစံအတိုင်း အမြင့် ၄ ထပ် နှင့်အထက် တည်ဆောက်ပြုပြင်မှုများ

✘ don't



J

# ပစ္စည်းပစ္စယများနှင့် အရောင်များ

## မြို့၏ ထင်ရှားသော လက္ခဏာဂုဏ်အင်္ဂါနှင့် လိုက်လျောညီထွေဖြစ်မှု

ဒေသထွက်ရိုးရာကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ အချောသပ်ခြင်းများကို အားပေးသည်။ နံရံများအတွက် ကျောက်၊ အုတ်နှင့် ထုံးအင်္ဂတေများ အသုံးပြုတည်ဆောက်ခြင်း၊ ပြတင်းပေါက်များအတွက် ဖန်ထည်မှန်ထည်များ တပ်ဆင်ခြင်း၊ အိမ်ခေါင်မိုးများအတွက် အုပ်ကြွပ်ပြားများ အသုံးပြုနိုင်သလို အိမ်ထောက်တိုင်များအတွက် သစ်များ အသုံးပြုနိုင်သည်။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော မြေသားအရောင်မျိုးဖြင့် အလှဆင်နိုင်သည်။ အကယ်၍များ နဂိုမူလအသုံးပြုတည်ဆောက်ထားသော ကုန်ကြမ်းပစ္စည်းများ ဈေးကြီး၍ဖြစ်စေ၊ အလွယ်တကူမရရှိနိုင်သည့်အခါမျိုးတွင်ဖြစ်စေ ခေတ်မီအရည်အသွေးမြင့်ကုန်ကြမ်းပစ္စည်းများကို နဂိုမူလပုံစံ၏ အနှစ်သာရမပျောက်အောင် အလေးထားအသုံးပြုနိုင်သည်။

ဒေသထွက်/သဘာဝကုန်ကြမ်းပစ္စည်းများ-အုတ်၊ သစ်၊ ကျောက်

✔ do



မြေစိုင်ခဲများ

✔ do



# ပစ္စည်းပစ္စယများနှင့် အရောင်များ

## မြို့၏ ထင်ရှားသော လက္ခဏာဂုဏ်အင်္ဂါနှင့် လိုက်လျောညီထွေဖြစ်မှု

သဘာဝရှုမြင်ကွင်းတွင် တောက်ပပေါ်လွင်ထင်ရှားသောအရောင်များအသုံးပြုခြင်းကို ရှောင်ကြဉ်ရမည်။ တောက်ပြောင်ချောမွတ်သော အုပ်ပြားများ၊ အလင်းပြန်သော အဆောင်အအုံနံရံအဖုံးအကာများ အသုံးမပြုရပါ။ လမ်းမများနှင့် အဆောက်အအုံအတွင်း လေပျံ့နှံ့လည်ပတ်မှုကောင်းစေသော ဝရန်တာများ၊ လသာဆောင်များနှင့် အံဝင်ခွင်ကျမရှိသော မြင့်လွန်းသော အဆောက်အအုံအရှေ့ဘက်မျက်နှာစာများကို ဖယ်ရှားရမည်။ နံရံပကတိအချိုးအဆသင့်ရုံမျှကို ထောက်ခံအားပေးသည်။ အမွေအနှစ်လက္ခဏာရပ်များနှင့် ကိုက်ညီရမည်။ မကျိုးပဲ့နိုင်သော ကြီးမားသည့် မှန်ပြင်ကျယ်များတပ်ဆင်ခြင်းကို မပြုသင့်ပေ။

### အလင်းပြန်မျက်နှာပြင်ပါသော ခေတ်မီကုန်ကြမ်းပစ္စည်းများ

✘ don't



### သက်တံ့ရောင်ပါ အရောင်စုံများ

✘ don't



၂

# လမ်းရှုခင်း

## သမိုင်းဝင်အဆောက်အအုံများနှင့် သဘာဝရှုခင်းများအလေးထားမှု

လူတို့၏ ရှုထောင့်ကို အလေးထားသော သမိုင်းဝင်လမ်းရှုခင်းများ၊ လမ်းထောင့်တိုင်းမှမြင်ရသော အဓိကဘာသာရေးအဆောက်အအုံများနှင့် အခြားအရေးပါသောရှုမြင်ကွင်းစကြံန်လမ်းများကို သတ်မှတ်ဆုံးဖြတ်ဆက်လက်လုပ်ဆောင်ခြင်းများကို ပြုလုပ်သင့်သည်။ မြို့တွင်းရှိ နဂိုမူလဆိုင်များ၏ လမ်းဘက်မျက်နှာစာများအလေးပေးသော စည်ပင်တိုးတက်မှုများဖြစ်စေရုံသာမက တောင်ကုန်းတောင်ပေါ်များတွင်လည်း ပတ်ဝန်းကျင်နှင့်ကိုက်ညီမှု ရှိစေရမည်။

သမိုင်းဝင်အဆောက်အအုံအစိတ်အပိုင်းများနှင့် ဘာသာရေးအဆောက်အအုံများရှိနေခြင်းကို အလေးထားဂရုပြုရမည်။

✔ do



ထင်းရှူးပင်၏အမြင့်နှင့် တောင်ကုန်းတောင်တန်းများ၏ပုံပန်းသဏ္ဌာန်ကိုလည်း အလေးထားဂရုပြုရမည်။

✔ do



# လမ်းရှုခင်း

## သမိုင်းဝင်အဆောက်အအုံများနှင့် သဘာဝရှုခင်းများအလေးထားမှု

မြို့၏အနှစ်သာရတိမ်မြုပ်သွားစေနိုင်သည့် ကြားဖြည့်ဆောက်လုပ်ရေး (သို့) တိုးချဲ့မှုများသည် မူလရှိနေသော မြို့ပြအဆောက်အအုံများကို မျိုးဆက်သစ်များလစ်လျူရှုသွားစေနိုင်သည်။ ကလောမြို့နှင့် လိုက်လျောညီထွေမရှိသော တည်နေရာ၊ ကြီးမားသောထုထည်၊ အတိုင်းအဆ၊ ပမာဏနှင့် နဂိုထက်လွန်ကဲသော အဆောက်အအုံအမြင့်သတ်မှတ်ချက်အသစ်များပါရှိသော အဆောက်အအုံသစ်များ မလိုအပ်ပေ။

လိုက်လျောညီထွေမရှိသော ကြားဖြည့်ဆောက်လုပ်ရေးများကြောင့် အဆောက်အအုံအမြင့်သတ်မှတ်ချက်အသစ်များ ဖြစ်ပေါ်စေသည်။

✘ don't











၂

# လမ်းရှုခင်း

## တောင်ပေါ်မြို့၏ ဝိသေသလက္ခဏာပေါ်လွင်အောင် အလေးထားမြှင့်တင်ရမည်။

ကလောမြို့၏လမ်းရှုခင်းများတွင် သစ်ပင်နှင့်ထင်းရှူးပင်များသည် အဓိကအစိတ်အပိုင်းအဖြစ်ယူဆရသည်။ ၎င်းတို့သည် လမ်းသွားလမ်းလာများကို အရိပ်အာဝါသများ ဖန်တီးပေးပြီး သာယာပျော်ရွှင်မှုများ ဖြစ်ပေါ်စေသည်။ မြို့၏ စိမ်းလန်းသော အမှတ်လက္ခဏာအဖြစ်လည်း ပံ့ပိုးပေးသည်။ သက်တမ်းရှည်အပင်များစိုက်ပျိုးပေးခြင်းဖြင့် နွေဦးရာသီချိန်မျိုးတွင် ပန်းများဝေဆာလျက် အရိပ်အာဝါသကောင်းများပေးနိုင်သည်။ ကလောမြို့၏ ဂေဟစနစ်နှင့် ကိုက်ညီသော အရောင်၊ မျက်နှာပြင်အနေအထား၊ ကြာရှည်ခံမှု အမှတ်လက္ခဏာများ၊ လူသွားစင်္ကြံများ၊ လမ်းမီးတိုင်များနှင့် ပရိဘောဂများ အသုံးပြုသင့်သည်။ အမွေအနှစ်နေရာများနှင့် မဟပ်စပ်သော အရွယ်အစားပုံမှန်ထက်ကြီးနေခြင်း၊ အဆောက်အအုံအသေးစိတ်အချက်အလက်များကို ဖုံးကွယ်ထားခြင်းမျိုးကို အစားထိုးပြုပြင်ရမည်။ သဘာဝပစ္စည်းများကို အသုံးပြုထားသော လွယ်ကူရိုးရှင်းမှုမျိုးကို ထောက်ခံအားပေးရမည်။ ဒေသလက်မှုပညာသည်များက ထုတ်လုပ်ပြီး ဂရုတစိုက်နေရာချထားသော အဆက်အသွယ်ရနိုင်သည့် နေရာများကို ဒီဇိုင်းပုံစံရေးဆွဲရမည်။

သစ်သားဖြင့် ပြုလုပ်ထားသော အမှတ်အသားသင်္ကေတများ

✔ do




လမ်းဘေးတစ်လျှောက် သစ်ပင်များစိုက်ပျိုးခြင်း

✔ do



## လမ်းစီမံကိန်းများနှင့် စိမ်းလန်းနယ်နိမိတ်သတ်မှတ်ထားမှု

✔ do



## အလှူမီနီယံနှင့် ဗီနိုင်းအမှတ်အသားကြော်ငြာဆိုင်းဘုတ်များ

✘ don't



၂

# လမ်းရှုခင်း

## တောင်ပေါ်မြို့၏ ဝိသေသလက္ခဏာပေါ်လွင်အောင် အလေးထားမြှင့်တင်ရမည်။

မြို့၏ စိမ်းလန်းသာယာမှုကိုထိန်းသိမ်းပြီး ဒေသရိုးရာအတိုင်း မိမိ၏ခြံဝန်းမြေနေရာများကို သစ်ပန်ပန်းမန်များဖြင့် စည်းသတ်မှတ်ပိုင်းခြားထားမှုများကို အားပေးခြင်းဖြင့် မြို့နေပြည်သူများ၏ လုံခြုံဘေးကင်းစွာနှင့် သီးသန့်နေလိုမှုကို လေးစားရာရောက်သည်။ မြင့်မားသော ခြံစည်ရိုးနံရံများကို အသားမပေးသော ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် အဝင်ဂိတ်တံခါးပေါက်များကို တပ်ဆင်သင့်သည်။

✔ do

**စိမ်းလန်းသော ခြံစည်းရိုးမြေနေရာများ**








~ it's OK

**သဟဇာတဖြစ်သော ခြံစည်းရိုးများ**









✘ don't

**ကြီးမားတက်ကြွလွန်းသော ခြံစည်းရိုးများ**








# လမ်းရှုခင်း

## တောင်ပေါ်မြို့၏ ဝိသေသလက္ခဏာပေါ်လွင်အောင် အလေးထားမြှင့်တင်ရမည်။

ကလောမြို့တွင် ယခုခေတ်စားလာသော အထပ်မြင့်အဆောက်အအုံများ မြင့်သည်ထက်မြင့်လာခြင်း၊ အဆောက်အအုံများ တိုးပွားများပြားလာခြင်းကို ပူပန်ရမည်ဖြစ်သည်။ ကိုယ်ပိုင်မြေနေရာများတွင် အဆောက်အအုံများ တိုးချဲ့တည်ဆောက်လာခြင်း၊ လမ်းမများနှင့် နီးကပ်စွာတည်ဆောက်ထားခြင်းတို့ကြောင့် သောက်သုံးရေရရှိရေး၊ ပေးဝေဖြန့်ဖြူးရေးနှင့် အခြေခံလမ်းအဆောက်အအုံများအတွက် ဝန်ပိစေသည်။

ကလောမြို့ကို စိတ်ဝင်စားမှုမြင့်တက်လာခြင်းအား ကြိုဆိုသည့်အပြင် နေထိုင်ရန်မြေနေရာ အိမ်ခြံဈေးများ မြင့်တက်ခိုင်မာလာသည်ကို ဝမ်းမြောက်စွာတွေ့နိုင်သည်။ မြို့၏ ဖွံ့ဖြိုးတိုးတက်စေမှုမပါသော ဈေးကစားရင်းနှီးမြှုပ်နှံကြခြင်းမျိုးမဟုတ်ဘဲ နှစ်လိုဖွယ်ကောင်းသော ခရီးပန်းတိုင်တစ်ခုဖြစ်လာစေရန် အပြုသဘောဆောင်သည့် ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းလည်ပတ်သူများကို ကြိုဆိုအားပေးသည်။

**အဆောက်အအုံများ တစ်ခုနှင့်တစ်ခု ခွာထားမှု အားနည်းလာပြီး ထူထပ်ကျပ်သိပ်လာခြင်း**

✘ don't



**မြေနေရာများ ပိုင်ခြား၍ ဈေးကစားခြင်း**

✘ don't



J

# သဟာဇာတဖြစ်စေရန် ဟန်ချက်ညီအသုံးချမှုများ

## တောင်ပေါ်မြို့၏ အမှတ်လက္ခဏာများကို အလေးထားမြှင့်တင်ခြင်း

ကျွန်ုပ်တို့၏ ရည်မှန်းချက်ဖြစ်သော ကလောမြို့ကို မြန်မာနိုင်ငံ၏အကောင်းဆုံးအပန်းဖြေနေရာတစ်ခုဖြစ်လာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော စံပြမြို့ဖြစ်လာစေရန် စသည်တို့ကို မျှဝေပေးနိုင်သည့် ကွဲပြားသော စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များကို ကြိုဆိုသည်။ ကလောမြို့ကဲ့သို့တမူခြားနားသော တောင်ပေါ်မြို့၏ ခံစားမှုရသပြည့်ဝမှု၊ သက်တောင့်သက်သာရှိမှုတို့ကို ရွေးချယ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် တာဝန်သိအသက်မွေးဝမ်းကျောင်းခြင်းစသည့် အယူအဆများအကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းကို ဆိုလိုသည်။ ဒေသခံများ၏ ပြင်းပြသောစိတ်ဓာတ်ကြောင့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များနှင့် အလားအလာကောင်းများ၊ သဘာဝတရား၊ စွန့်စားမှုနှင့် စိုက်ပျိုးရေးအခြေခံခရီးသွားလုပ်ငန်းတို့ကို အတူယှဉ်တွဲလျက်တွေ့ရသော အနားယူအပန်းဖြေစရာမြို့ ဖြစ်လာစေရန် အကူအညီအထောက်အပံ့ဖြစ်စေသည်။

တာဝန်ခံမှုရှိပြီး ဂေဟစနစ်နှင့် သဟာဇာတဖြစ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးလုပ်ငန်းများ

✔ do














သဘာဝတရား၊ စွန့်စားမှုနှင့် စိုက်ပျိုးရေးအခြေခံခရီးသွားလုပ်ငန်း

✔ do













# သဟဇာတဖြစ်စေရန် ဟန်ချက်ညီအသုံးချမှုများ

## တောင်ပေါ်မြို့၏ အမှတ်လက္ခဏာများကို အလေးထားမြှင့်တင်ခြင်း

ကလောမြို့ကို မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာနေရာတစ်ခုအဖြစ်မဟုတ်ဘဲ ကလောမြို့ကို အဓိကလာရောက်လည်ပတ်သူများ၏ ပုံစံနှင့်ကိုက်ညီသော ခင်မင်ရင်းနှီးဖော်ရွေသည့် အသေးစားဌာနတစ်ခုအဖြစ်သာ လုပ်ဆောင်နေခြင်းဖြစ်သည်။ အခြေခံအားဖြင့် ဒေသခံတို့၏ အကျိုးစီးပွား၊ ထုတ်ကုန်နှင့် ပျံ့ကျဈေးသည်များကို အထောက်အပံ့ဖြစ်သော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ရမည်။ ကလောမြို့ရှိ ကုမ္ပဏီတစ်ခုတည်းပိုင် ဟိုတယ်များ၏ စားသောက်ကုန်ထွက်ရှိမှုနှင့် ပတ်သက်သော စီးပွားရေးအလားအလာများကို စဉ်းစားကန့်သတ်ခြင်း၊ တမူခြားနားသော အမွေအနှစ်နေရာများ ထိန်းသိမ်းထားနိုင်ရန် ဈေးနေရာများသို့ ဝင်ရောက်လာမှုများကို ဟန့်တားရမည်။

လောင်းကစားခြင်း၊ အရက်နှင့်ဆက်နွယ်သော ညပွဲလမ်းသဘင်

✘ don't




နာမည်ကြီးကုန်အမှတ်တံဆိပ်၊ ကုမ္ပဏီတစ်ခုပိုင် ဟိုတယ်များ

✘ don't



၇

# ကြားခံနေရာလပ်များကို ကာကွယ်ထိန်းသိမ်းခြင်း

## တမူခြားနားသော ဇီဝမျိုးစုံမျိုးကွဲများနှင့် အများပြည်သူများနှင့် သက်ဆိုင်သောနေရာများကို ပြန်လည် သက်ဝင်လှုပ်ရှားစေခြင်း

ကလောမြို့၏ တမူထူးခြားခမ်းနားသော သဘာဝရှုခင်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပေသည်။ ကလောမြို့၏အများပြည်သူနှင့် ဆိုင်သောနေရာလပ်များကိုသာ ထိန်းသိမ်းကာကွယ်ခြင်းမျိုးမဟုတ်ဘဲ မြို့၏ အနှစ်သာရကို ပိုမိုပေါ်လွင်လာစေရန် အဆင့်တန်းမြင့်သော အများပြည်သူအနားယူအပန်းဖြေဥယျာဉ်များ ဖော်ဆောင်ပေးရမည်။ ထိုသို့ဖော်ဆောင်ခြင်းသည် ဒေသတွင်းရှိ ဆေးဖက်ဝင်အပင်များ၊ လူမျိုးစုနှင့် ရုက္ခဗေဒပတ်သက်ဆက်နွယ်ပုံများ၊ ဥယျာဉ်ပန်းမန် စိုက်ပျိုးခြင်းအတတ်ပညာများ တိုးတက်လာစေသော စူးစမ်းလေ့လာဖော်ထုတ်မှုဖြစ်နိုင်ခြေအလားအလာများအတွက် အရေးပါသော အစိတ်အပိုင်းခြေလှမ်းအစ ဖြစ်သည်။ ဒေသတွင်း ဟိုတယ်အဆောက်အအုံများတိုးပွားလာခြင်းသည် ဒေသမျိုးရင်း သစ်ပန်ပန်းမန် မျိုးစုံမျိုးကွဲများနှင့် ပေါင်းစည်းထားသော ဆွဲဆောင်မှုရှိသည့် သဘာဝရှုခင်းများနှင့် ဆေးဖက်ဝင်ပရဆေးဥယျာဉ်များကို ပြန်လည်တိုးပွား လာအောင်ပြုလုပ်ရာတွင် အခက်အခဲဖြစ်စေသည်။ ယင်းသစ်ပင်ပန်းမန် ဥယျာဉ်များသည် ဒေသခံများနှင့် ကမ္ဘာလှည့်ခရီးသည်များ အတွက် ဆွဲဆောင်မှုရှိသော အနားယူအပန်းဖြေစရာနေရာများ ဖန်တီးပေးနိုင်သည်။

**မြို့၏ စိမ်းလန်းနယ်မြေများကို ကာကွယ်ထိန်းသိမ်းခြင်း**

✔ do



**ပန်းခြံများ၏ ရှုခင်းများကို အများပြည်သူအနားယူအပန်းဖြေနိုင်သော ဥယျာဉ်များဖြစ်အောင် အဆင့်မြှင့်တင်ခြင်း**

✔ do




Pictures courtesy: Pha Tad Ke Botanical Garden, Luang Prabang

# ကြားခံနေရာလပ်များကို ကာကွယ်ထိန်းသိမ်းခြင်း

## တမူခြားနားသော ဇီဝမျိုးစုံမျိုးကွဲများနှင့် အများပြည်သူများနှင့် သက်ဆိုင်သောနေရာများကို ပြန်လည်သက်ဝင်လှုပ်ရှားစေခြင်း

